မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F___ Volume 7/ Issue 10 / October / 2014




## ကမ္ဘာလုံးဆိုင်ရာ ပွဲတော်မင်္ဂလာဝတ်ကို ပြုကြကုန်စို့

ပသခါပွဲအချိန်၊ သခင်ယေရှု မသေဆုံးမှီ ညတွင်၊ သခင် ကိုယ်တော်တိုင် မိမိသေခြင်း၏ ဗအောက်မေ့ဖွယ်ရာ နောက်ဆုံးသော ညစာစားပွဲကို အစပြုခဲ့ပါ၏။ ၎င်းသည် အလွန် ရိုးရှင်းသော သာမန်ဂဏ္ဍာတစ်ရပ် သို့တည်းမဟုတ် အခမ်းအနားတစ်ခုပင် ဖြစ်သည်။

ထိုညစာစားပွဲ အတွင်း၊ မိမိ၏တပည့်များကို သခင်ယေရှုက "ငါ့ကို အောက်မေ့ဘို့ရာ ဤသို့ ပြုကြလော့"ဟုမိန့်တော်မူ၏။ မိတ်ဆွေလည်း သခင်ယေရှုကို အောက်မေ့လျှင် ဤကဲ့သို့ ပြုကြပါစို့။ သခင်ဘုရားကို အောက်မေ့ဘို့ရာ ပွဲတော်မင်္ဂလာဝတ်ကို အမြဲ ပြုကြရပါမည်။

ကျွန်ုပ်တို့ပြုရမည့်အရာမှုကား – ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ "ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အားပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍၊ သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့် ဆိုင်၍ လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါသွန်းသော ငါ၏အသွေး ဖြစ်၏။ ငါဆိုသည်ကား၊ ဤစပျစ်ရည်မျိုး အသစ်ကို ငါ့ခမည်းတော်၏ နိုင်ငံ၌ သင်တို့ နှင့် အတူ ငါမသောက်မှီနေ့ တိုင်အောင် ယခုမှစ၍ တဖန် ငါမသောက်ရ"ဟု မိန့်တော်မူ၏။

ကျွန်ုပ်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်သောအခါခါ၊ သခင်ဘုရား အသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင်ပြုကြပါစို့။



သခင်ယေရှု သေခံခါနီး၊ တပည့်တော်တို့အား မိန့်မှာခဲ့သည်။
ငါ့ကို တမ်းတ လွမ်းဆွတ်ဘို့ရန် ဤပွဲတော်ကို သုံးဆောင်ကြလေ။

ငါခံစားရ ဒဏ်ချက်များ သင်တို့ အနာပျောက်ရန်
လူအပေါင်းတို့ ပြစ်များအတွက်၊ ငါဆင်းရဲခံ၍ သက်တော်စွန့်လေ။

ခုဖဲ့သောမုန့်၊ ငါ၏အသား၊ ငါ့ကို လွမ်းလျက်စား။
ငါ၏အသွေး၊ စပျစ်ရည်လည်း ငါ့ကို ယုံ၍သောက်။

မိန့်တော်အတိုင်း စိတ်ရွှင်လန်းလျက် ပေါင်းစည်းစုရုံးကာ၊
အသားနှင့်သွေးတော်ကို ရည်ဆောင်လျက်၊
ကမ္ဘာလုံးဆိုင်ရာ ပွဲတော်မင်္ဂလာကို ခံယူကြပါစို့။



သို့သော်၊ သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက် မတန်ဘဲ စားသောက်သောသူ မည်သည်ကား၊ သခင်ဘုရား၏ ကိုယ်တော်နှင့်အသွေးတော်ကို ပြစ်မှားရာရောက်၏။ သို့ဖြစ်၍ လူတိုင်း မိမိကိုယ်ကိုစစ်ကြော ပြီးမှ မုန့်ကို စားစေ။ ထိုနည်းတူ ခွက်ကိုလည်း သောက်စေ။ အကြောင်းမူကား၊ မထိုက် မတန်ဘဲ စားသောက်သော သူသည် သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့်၊ မိမိအပေါ်သို့ အပြစ် ရောက်စေခြင်းငှါ စားသောက်သောသူ ဖြစ်၏။ ထို့ကြောင့် သတိပြုရမည်။ လူတိုင်း သခင်ဘုရားကို အောက်မေ့ကြကုန်။ ။

# 2014, September Events




October 2014

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**Holy Communion Sunday**

10/ 05/ 2014
~~~~~~~~~~~~~~~

**B.C.F. Official Board Meeting**

10/ 12/ 2014
~~~~~~~~~~~~~~~

**BCF Children's Day Worship Service**

10/ 19/ 2014
~~~~~~~~~~~~~~~

**Regular Sunday Service**

10/ 26/ 2014
~~~~~~~~~~~~~~~

**Every Service on Sunday 2:00PM**
**at**
**St. Luke's Episcopal Church**
**122 S. California Ave.**
**Monrovia, CA 91016**

## CHILDREN'S DAY SPECIAL WORSHIP SERVICE
## ကလေးများနေ့အထူးဝတ်ပြုကိုးကွယ်ခြင်း



*" A gift from God "*

*Jesus said, "Let the little children come to me, and do not hinder them, for the kingdom of heaven belongs to such as these."*
*He had placed his hands on them.*
*(Matthew. 19:14)*

*B.C.F cordially invites you and your Children to this Special Event*
*October 19, 2014 Sunday 2:00 PM*
*at Swam Hall, St. Luke Episcopal Church.*
*Address:- 122 S. California Ave. Monrovia, CA 91016*

---



*Jesus loves the little children of the world*

**** Jesus loves the little children*
*All the children of the world*
*Red and yellow, black and white*
*they're all precious in his sight*
*Jesus loves the little children of the world*

*Whether you're rich or whether you're poor*
*It matters not to Him*
*He remembers where you're going*
*Not where you've been . . . ****

*If you're heart is troubled*
*don't worry, don't you fret*
*He knows that you have heard his call*
*And he won't forget . . . ****

*All around the world tonight*
*His children rest assured*
*That He will watch and He will keep us*
*Safe and secure . . . ****

# ဘုရားသခင်၏စံချိန်စံညွှန်း

ထာဝရဘုရား၏ ‘တရားတော်’ သည်
စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။
ထာဝရဘုရား၏ ‘သက်သေခံတော်မူချက်’ သည်
ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။
ထာဝရဘုရား၏ ‘နည်းဥပဒေသ’ တို့သည်
ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကို ရွှင်လန်းစေ တတ်၏။
ထာဝရဘုရား၏ ‘ပညတ်တော်’ သည်
စင်ကြယ်သည်ဖြစ်၍ မျက်စိကို ရှင်းလင်းစေတတ်၏။
ထာဝရဘုရားကို ‘ကြောက်ရွံ့ခြင်းသဘော သည်
သန့်ရှင်းသည်ဖြစ်၍ ကာလအစဉ် အမြဲတည်၏။
ထာဝရဘုရား၏ ‘စီရင်တော်မူချက်’ တို့သည်
သစ္စာတရားနှင့်ညီ၍ တညီတညွတ်တည်း ဖြောင့်မတ်ကြ၏။

ဘုရားသခင်၏ နှုတ်တော်ထွက်ကို နာခံလိုက်လျှောက်ခြင်းသည် ခရစ်ယာန်များအတွက် အကြီးမားဆုံး၊ အမြင့်မြတ်ဆုံးသော အကျိုးကျေးဇူး ဖြစ်သည်။

ဆာလံဆရာက ဘုရားသခင်၏ စံချိန်စံညွှန်းကို ဖော်ပြလျက်၊ ယုံကြည်နာခံတတ်သော နှလုံးသား အတွက် စိတ်ဝိညာဉ်ပြောင်းလဲခြင်း၊ ဉာဏ်ပညာ၊ စိတ်နှလုံးဝမ်းမြောက်ခြင်း၊ အသက်တာသန့်ရှင်းဖြူစင်ခြင်း၊ ဉာဏ်မျက်စိအလင်းရခြင်း၊ သည်းခံနိုင်စွမ်း၊ အမှန်တရားနှင့် ဖြောင့်မတ်ခြင်း၊ ညီညွတ်ခြင်း.. စသည်တို့ကို ဆောင်ကြဉ်းပေးကြောင်း ဆာလံ၁၉း ၇–၁၀ကို ဖတ်ရှုလေ့လာ၍သိရှိရပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးထားသည့် ပညတ်ချက်၊ တရားတော်များသည် ရွှေစင်ထက်သာ၍ နှစ်သက်ဖွယ် ကောင်းကြောင်း၊ ပျားရည် ထက်မက ပျားလပို့ထက် သာ၍ ချိုကြောင်း ...၊ ဆာလံဆရာ၏ ပြောဆိုချက်မှာ မှန်ကန်လှပေ၏။

ဆုတောင်းချက်။
အိုအဘဘုရားသခင်!
ကျွန်ုပ်သည် ကိုယ်တော်နှင့် ကိုယ်တော့်နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးပါ၏။
ကျွန်ုပ်သည် နှုတ်ကပတ်တော်ကို ဖတ်ရှုရခြင်း၊ ကိုယ်တော့်အကြောင်း သင်ယူရခြင်း၊ ကိုယ်တော့်သွန်သင်ချက်ကို လိုက်လျှောက်၍ ဝမ်းမြောက်ပါ၏။
ကျွန်ုပ်သည် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းမှ ရရှိသော ကောင်းချီးများအတွက် အထူးပင် ကျေးဇူးတင်ပါ၏။ အာမင်။ ။ ~

## အောင်မြင်မှုရရှိရန်...စိတ်ဝင်စားဖွယ်ရာ...သချာ်တစ်ပုဒ်

ဤလောကၡ၌၊(100%)သို့မဟုတ်ရာနှုန်းပြည့်အောင်မြင်မှုကိုရရှိရန်မှာမလွယ်ကူပါ။ (100%)ထက်ကျော်လွန်သောအောင်မြင်မှုရရှိဘို့ရန်၊ပို၍ပင်ခက်ခဲမည်မဟုတ်ပါလား?။ ကျွန်ုပ်တို့သည်အောင်မြင်မှုရရှိရန်အတွက်အဘယ်အရာကိုလိုအပ်ပါသနည်း?။

(၁) လူအချို့က၊ အသိပညာ **(Knowledge)** ရှိရမည်ဟုဆိုပါသည်။
(၂) လူအချို့က၊ အလုပ်ကိုကြိုးစားမှု **(Hard work)** ရှိရမည်ဟုဆိုပါသည်။
(၃) လူအချို့က၊ စိတ်နေသဘာထား **(Attitude)** ကောင်းရမည်ဟုဆိုပါသည်။
(၄) အချို့သောလူအနည်းစုသာလျှင်၊ ဘုရားသခင်ကိုချစ်ခြင်း **(Love of GOD)** ရှိရမည်ဟုဆိုပါသည်။သို့သော်အလွန်နည်းပါး၍၊ရှားလွန်းပါသည်။

အထက်ဖော်ပြပါအချက်လေးချက်ကိုအောက်ပါအတိုင်း၊သချာ်နည်းဖြင့်တွက်ချက်လိုက်သောအခါတွင်၊ရာနှုန်းပြည့်(100%)ထက်ကျော်လွန်သောအောင်မြင်မှုကိုရရှိနိုင်သည့်အဖြေတစ်ခုကို ဖော်ထုတ်နိုင်ပါသည်။

ဆန်းစစ်ကာတွက်ချက်ကြည့်ကြပါ။–
အင်္ဂလိပ်စာအက္ခရာစဉ်/**English alphabet A to Z** နှစ်ဆယ့်ခြောက်လုံးတို့ကိုတန်ဘိုး **1–26** အထိ၊အောက်ဖော်ပြပါဇယားတွင်ပါသည့်အတိုင်း၊အသီးသီးကိုယ်စားပြုနိုင်သည်ဆိုကြပါစို့၊–

| A | B | C | D | E | F | G | H | I | J | K | L | M |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 |

| N | O | P | Q | R | S | T | U | V | W | X | Y | Z |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 14 | 15 | 16 | 17 | 18 | 19 | 20 | 21 | 22 | 23 | 24 | 25 | 26 |

**(1)** **K N O W L E D G E**
**11 + 14 + 15 + 23 + 12 + 5 + 4 + 7 + 5 = --- %**

**(2)** **H A R D W O R K**
**8 + 1 + 18 + 4 + 23 + 15 + 18 + 11 = --- %**

**(3)** **A T T I T U D E**
**1 + 20 + 20 + 9 + 20 + 21+ 4 + 5 = --- %**

**(4)** **L O V E O F G O D**
**12 + 15 + 22 + 5 + 15 + 6 + 7 + 15 + 4 = --- %**

[Answers:- (1) 96% , (2) 98% , (3)100% , (4)101%]

ထို့ကြောင့်၊သချာ်နည်းအရပြောရမည်ဆိုလျှင်၊ အသိပညာ(Knowledge) ဖြင့်၎င်း၊ အလုပ်ကိုကြိုးစားမှု(Hard work) ဖြင့်၎င်း၊အောင်မြင်မှု(100%)နီးပါးရရှိနိုင်၍၊စိတ်နေသဘာထားကောင်း(Attitude)ရှိလျှင်(100%)ရာနှုန်းပြည့်အောင်မြင်မှုကိုရရှိနိုင်သည်။

**ဤသည်တို့ကားအကြီးဆုံးသောအောင်မြင်မှုမဟုတ်ပါ။ အကြီးဆုံးသောအောင်မြင်မှု ဖြစ်သည့်ရာနှုန်းပြည့်ထက်ကျော်လွန်သောအောင်မြင်မှု(101%)မှာ၊ ဘုရားသခင်ကိုချစ်ခြင်း (Love of GOD)ဖြစ်ပါသည်။**

**(မာကု၊၁၂း၃၀)တွင်ပါရှိသည့်အတိုင်း၊–သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံး အကြွင်းမဲ့၊ဉာဏ်ရှိသမျှ၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့၊ဤပညတ်သည်ပဌမပညတ်ဖြစ်၏။**

**ဤကဲ့သို့၊ကျွန်ုပ်တို့သည်ဘုရားသခင်ကိုချစ်ခြင်းသာလျှင်၊ရာနှုန်းပြည့်ထက်ကျော်လွန်သော အောင်မြင်မှုမျိုးကိုဧကန်အမှန်ရရှိပါလိမ့်မည်။ ။**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# အထီးကျန် သနားစရာ ဦးချမ်းသာ

***ရေး–John Ma***

အမေရိကန်နိုင်ငံတွင် စီးပွားရေးအလွန်အောင်မြင်သော ဦးချမ်းသာဟူသော သူဌေးကြီးတစ်ဦး ရှိသည်။ သူသည် အလွန်သာယာလှပသော ရှုခင်းရှိသည့် တောင်ပေါ်၌ တည်ဆောက်ထားသော အိမ်ဂေဟာကြီး တစ်ဆောင်၌ နေထိုင်သည်။

တနေ့သောအခါတွင် မမျှော်လင့်ဘဲ အချိန်ကြာမြင့်စွာ အဆက်အသွယ်ပြတ်နေသော ငယ်သူငယ်ချင်းသည် ရပ်ဝေးတစ်နေရာမှ ဦးချမ်းသာထံသို့ တယ်လီဖုန်း ဆက်လာသည်။ ထိုသူငယ်ချင်းသည် အမေရိကန်နိုင်ငံတွင် အစည်းဝေးလာရင်း လမ်းကြုံသဖြင့် ဦးချမ်းသာထံအလည်လာ မည်ဟုအကြောင်း ကြားလိုက်သည်။ ဦးချမ်းသာသည် ဝမ်းသာစွာဖြင့်သူငယ်ချင်းကို သူ့အိမ်၌ သုံးလေးရက်နေရန် ဖိတ်ကြား လိုက်သည်။

ဦးချမ်းသာသည် အလွန်အဆင့်အတန်းမြင့်၍ တန်ဘိုးကြီးသောMarcede မာဆီးတီးကားဖြင့် လေယာဉ်ကွင်းမှာ သွားကြိုသည်။ အိမ်ဂေဟာသို့ ရောက်လာသောအခါ သူငယ်ချင်းသည် အလွန်ကြီး ကျယ်ခမ်းနားသောအိမ်၊ စိမ်းလန်းဆိုပြေသောမြက်ခင်းပြင်၊ ပန်းမျိုးပေါင်းစုံ ဖူးပွင့် ဝေဆာနေသော ပန်းခြံ၊ ကျန်းမာရေးလေ့ကျင့်ခန်းအတွက် Tennisကွင်းနှင့် ရေကူးကန်တို့ကို တွေ့ရသည်။ ထို့အပြင် ဦးချမ်းသာ ပိုင်ဆိုင်သော အလွန်တန်ဘိုးကြီးသည့် ပြိုင်ကားလေးတစ်စီးကိုလည်း တွေ့ရသည်။ ဤအိမ်ဂေဟာကြီး ထဲ၌ အခန်းပေါင်းမြောက် မြားစွာရှိသည့်အပြင် အခန်းတိုင်းတွင် အလွန်တန်ဘိုးကြီးသော ပန်းချီကားချပ် များ ချိပ်ဆွဲထားသည်ကို တွေ့ရသည်။

ဦးချမ်းသာသည် သူငယ်ချင်းကို ကြိုက်ရာအခန်း ရွေး၍ နေစေသည်။ သူငယ်ချင်းသည် ဦးချမ်း သာ၏ စီးပွားရေး အလွန်အောင်မြင်ကြောင်း တွေ့ရသည်။ အိမ်သားများ အကြောင်းကို မေးသောအခါ ဦးချမ်းသာ မျက်နှာပျက်သွားသည်။ သက်ပြင်းချ၍ ဤသို့ဖြေလိုက်သည်။

ဦးချမ်းသာသည် သူ၏ဇနီးနှင့် ကွဲနေသည်။ သူသည် နေ့မအား ညဥ့်မအား စီးပွားရေးကိုသာ အာရုံစိုက်လုပ်ကိုင်သဖြင့် စီးပွားရေးအလွန်အောင်မြင်လာသော်လည်း အိမ်ထောင်ရေးကို လစ်လျူရှုထား သဖြင့်ယိုယွင်းပြိုကွဲလာသည်။ အိမ်ထောင်တွင်း၌ ချစ်ခြင်းမေတ္တာ ကင်းမဲ့လာသည်။ အသင်းတော်နှင့် လည်း တဖြေးဖြေး ကင်းဝေးသထက် ဝေးလာသဖြင့်၊ ဝိညာဉ်ရေးရာမှာလည်း ငတ်မွတ်ခေါင်းပါး လာကာ မီးဟုန်းဟုန်း တောက်လောင်နေသော မီးပုံမှ မီးကင်းဝေးသော မီးခဲတုံးတစ်တုံးကဲ့သို့ ကြာလာသောအခါ မီးငြိမ်းသွားသည်။ သားသမီးများသည်လည်း တက္ကသိုလ်အသီးသီးမှ အောင်မြင်ကြပြီး ရေကြည်ရာမြက် နုရာ အခြားမြို့ရွာသို့ ပြောင်းရွှေ့ကာ အလုပ်လုပ်နေကြပြီဖြစ်သည်။ တနည်းအားဖြင့် ဦးချမ်းသာ၌ ဥစ္စာ ပစ္စည်းနှင့် ပိုက်ဆံမှလွဲ၍ ဘာမှမကျန်တော့ပါ။ သူ့မှာ ပိုက်ဆံသာ ကျန်တော့သည်ဟုဆိုလျှင် မှားမည်မ ဟုတ်ပါ။ ငွေပုံပေါ်မှာထိုင်ပြီး အထီးကျန်ကာ သနားစရာ ဦးချမ်းသာ ဖြစ်နေပါသည်။

လူအများတို့ ချမ်းသာချင်ကြပါသည်။ ငွေပုံပေါ်မှာ ထိုင်ပြီး စည်းစိမ်ခံ လိုကြပါသည်။ အထူးဖြင့် ယုံကြည်သူများလည်းချမ်းသာလိုကြပါသည်။ ဘယ်လို ချမ်းသာကြတယ်ဆိုတာ အရေးမကြီးသော်လည်း၊ ယုံကြည်သူများ ဘယ်လို ကောင်းကြီးမင်္ဂလာ ခံစားရသည် ဆိုတာကို သိရှိရန်လိုပါသည်။

***သုတ္တံကျမ်း၊၁၀း၂၂တွင်၊ ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကို ဖြစ်စေတတ်၏။ ထိုစည်းစိမ်နှင့်လည်း ဝမ်းနည်းခြင်းအကြောင်းကို ရောနှောတော်မမူ။ သုတ္တံ၊၁၅း၁၆တွင်၊ နှောက်ယှက်ခြင်း နှင့်ယှဉ်၍ ကြီးစွာသော စည်းစိမ်ထက် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း နှင့်ယှဉ်သော ဥစ္စာအနည်းငယ် သည် သာ၍ကောင်း၏ဟု ဆုံးမထားပါသည်။***

ထို့ကြောင့် ယုံကြည်သူများ ကောင်းကြီးမင်္ဂလာ ခံစားရရှိရန်အတွက် ထာဝရဘုရား ထံတော် ပါးမှ မျှော်လင့်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရား ချပေးတော်မူသော ကောင်းကြီးမင်္ဂလာ သည် စည်းစိမ်ကိုဖြစ်စေပြီး၊ ထိုစည်းစိမ်အားဖြင့် ဝမ်းနည်းစိတ်ပျက်စရာအကြောင်း အကျိုးဆက် မရှိပါ။ ထာဝရဘုရားချပေးသော စည်းစိမ်ချမ်းသာ မဟုတ်ခဲ့ပါမူ၊ ထိုချမ်းသာမှုကြောင့် ချမ်းသာလွန်းသူအများစု မှာ ငြိမ်သက်ဝမ်းမြောက်မှုမရှိ၊ ဝမ်းနည်းခြင်းအကြောင်းများ ရောနှောလျှက်ရှိနေတတ်ပါသည်။

ချမ်းသာကြွယ်ဝရန် ငွေနောက်သို့ လိုက်နေရသည့် အတွက် စိတ်ဖိစီးမှုများ ကြုံတွေ့ပြီး ရောဂါ ဝေဒနာခံစားနေရသူများရှိပါသည်။ အိမ်ထောင်ပြိုကွဲခြင်း၊သားသမီးများပျက်စီးခြင်း၊ အထီးကျန်ဖြစ်ခြင်း၊ လူအများလေးစားမှုကိုမရရှိခြင်း ... များတို့ကို ဦးချမ်းသာကဲ့သို့ ကြုံတွေ့ရတတ်သည်။

သမ္မာကျမ်းစာ၌ ဤသို့ ပြောကြားထားပါသည်။ ***လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ် ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့် ရွေးနိုင် သနည်း။(မဿဲ၊၁၆း၂၆)*** မိမိအသက်ဝိညာဉ်သည် ပစ္စည်းဥစ္စာကြွယ်ဝခြင်းထက် ပို၍အရေးကြီးပါသည်။

ပညာရေး တိုးတက်ရန်အတွက်၊ အလုပ်ရာထူး တိုးရန်အတွက်၊ ဥစ္စာပစ္စည်းကြွယ်ဝရန်အတွက် အချိန်ပေး၍ ဇွဲလုံ့လဝီရိယစိုက်ပြီး လုပ်ကိုင်ကြိုးစားရန် အထူးလိုပါသည်။ သို့သော်လည်း အလွန်အကျွံ မဖြစ်စေရန် ခရစ်တော်ဘုရား၏ကယ်တင်ခြင်းကို လက်ခံပြီး ခရစ်တော်ဘုရားထံ ဆုတောင်းခံခြင်းဖြင့်၎င်း၊ ကျမ်းစာဖတ်ခြင်းဖြင့်၎င်း၊ သားသမီး လင်ယောကျ်ားဇနီးသည် အဖိုးအဘွားတို့ကို အချိန်ပေးခြင်းဖြင့်၎င်း၊ အသင်းတော်၏ ဝတ်ပြုအစည်းအဝေးနှင့် လုပ်ရှားမှု အသီးသီးတို့၌ အင်တိုက်အားတိုက်ပါဝင်ခြင်းဖြင့်၎င်း၊ ပြုမူကျင့်ကြံ ဆောင်ရွက်နိုင်ပါသည်။ သို့မှသာလျှင် မီးဟုန်းဟုန်းတောက်လောင်နေသော မီးပုံထဲ၌ရှိ မီးခဲ ကဲ့သို့ ဝိညာဉ်ခွန်အားတိုးလာမည်။ ကျေးဇူးတော်ကို ချီးမွမ်းတတ်လာမည်။ စိတ်အားထက်သန်လာမည်။ စိတ်ဓါတ်တက်ကြွလာမည်။ အိမ်ထောင်ရေးအဆင်ပြေလာမည်။ အလွန်ချမ်းသာမလာသော်လည်း စီးပွား ရေးအဆင်ပြေလာမည်။ ငွေပုံပေါ်မှာထိုင်ပြီး စိတ်ဆင်းရဲစွာ အထီးကျန်ကာ သနားစရာ ဦးချမ်းသာ၏ ဘဝ မျိုးမှ ရှောင်ကွင်းနိုင်ပါလိမ့်မည်။ ။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# The Whisper

♠Smile

~You're God's special gift, I'm here for you.~

Recently, I heard a touching story which illustrates the power that words have to change a life -- a power that lies right in the hands of those reading this article. Mary had grown up knowing that she was different from the other kids, and she hated it. She was born with a cleft palate and had to bear the jokes and stares of cruel children who teased her non-stop about her misshaped lip, crooked nose, and garbled speech. With all the teasing, Mary grew up hating the fact that she was "different". She was convinced that no one, outside her family, could ever love her ... until she entered Mrs. Leonard's class.

Mrs. Leonard had a warm smile, a round face, and shiny brown hair. While everyone in her class liked her, Mary came to love Mrs. Leonard. In the 1950's, it was common for teachers to give their children an annual hearing test. However, in Mary's case, in addition to her cleft palate, she was barely able to hear out of one ear. Determined not to let the other children have another "difference" to point out, she would cheat on the test each year. The "whisper test" was given by having a child walk to the classroom door, turn sideways, close one ear with a finger, and then repeat something which the teacher whispered. Mary turned her bad ear towards her teacher and pretended to cover her good ear. She knew that teachers would often say things like, "The sky is blue," or "What color are your shoes?" But not on that day, Surely, God put seven words in Mrs. Leonard's mouth that changed Mary's life forever.

When the " Whisper test " came,

Mary heard the words: " I wish you were my little girl. " ~~~...

## Bible Study

## Communion (World Communion Day)

**Needed Materials**

File/folder, paper, pen or pencils, the Bible, and song books

**A) Greetings, introduction to the lesson plans of the month and opening prayer**

**B) Summon up (Recall) the last week's topic and lessons (28th September, 2014)**

**Topic: I Will Stand With You (Lessons)**

- Every new job is a challenge. Without God it can be frightening. With God it can be a great adventure. Just as God was with Joshua, he is with us as we face our new challenges.
- For Joshua, success meant being controlled by God who is always going with us.
- God will not withhold anything we need to live for him.
- Our God always keeps his promise to be with us.
- The power of the Holy Spirit can help us receive power, love, and wisdom to overcome our fear.
- See God's love expressed in what he has provided for your daily life.
- God wants to carry our burdens, but often we continue to bear them ourselves even when we say we trust Him.

**Bible Application**

1) Ask God to direct us to conquer many of life's problems.
2) Follow God's words to be successful.
3) Trust God and nothing can separate us from His love.
4) Stand on the promises of God who is faithful forever.
5) Make sure of the Holy Spirit to live in you.
6) Trust God to meet all our needs.
7) Trust the same strength that sustains you to carry your burdens.

……………………………………………………………………

**C) Teaching Steps on "Communion"**

**1) Life Need (Hook)**

a) Do you know the date of the World Communion Day?
b) How many times does your church celebrate the "Holy Communion" within a month?
c) How do you feel when you are partaking "Communion"?
d) What are the other names of "Communion"?
e) What does "Communion" mean for your life?

**2) Bible Learning (Ask volunteers to read the following scriptural verses loudly) (Book)**

1) The Lord Jesus, on the night he was betrayed, took bread, and when he had given thanks, he broke it and said, "This is my body, which is for you; do this in remembrance of me. (1 Corinthians 11:23-24)

- We observe Communion because **the Lord told us to**. We are to obey His commands. In observing Communion we are **remembering Christ** and all that He has done for us in his life, death and resurrection.

2) In the same way, after supper he took the cup, saying, "This cup is the new covenant in my blood; do this, whenever you drink it, in remembrance of me. (1 Corinthians 11:25)

- Communion is a practice that is meant to be observed over and over throughout the life of a Christian. It is a holy time of worship when we corporately come together as one body to remember and celebrate what Christ did for us.

3) For whenever you eat this bread and drink this cup, you proclaim the Lord's death until he comes. (1 Corinthians 11:26)

- In observing Communion we are **proclaiming His death until He comes**. It is, then, a statement of faith.

4) So then, whoever eats the bread or drinks the cup of the Lord in an unworthy manner will be guilty of sinning against the body and blood of the Lord. (1 Corinthians 11:27)

- We should prepare ourselves for Communion through healthy introspection, confession of sin, and resolution of differences with others.

5) Everyone ought to examine themselves before they eat of the bread and drink from the cup. For those who eat and drink without discerning the body of Christ eat and drink judgment on themselves. (1 Corinthians 11:28-29)

- When observing Communion we take time to **examine ourselves.**

6) Is not the cup of thanksgiving for which we give thanks a participation in the blood of Christ? And is not the bread that we break a participation in the body of Christ? Because there is one loaf, we, who are many, are one body, for we all share the one loaf. (1 Corinthians 10:16-17)

- When we observe Communion we show our **participation in the body of Christ**. His life becomes our life and we become members of each other.

7) Jesus said to them, "Very truly I tell you, unless you eat the flesh of the Son of Man and drink his blood, you have no life in you. Whoever eats my flesh and drinks my blood has eternal life, and I will raise them up at the last day. For my flesh is real food and my blood is real drink. (John 6:53-55)

- Partaking the Lord's Supper means to unite ourselves in Christ.

**3) Bible Application (Look)**

1) Always obey Christ's commands.
2) Get involved in the lives of others.
3) Gratefully recall (remember) Christ's loving sacrifice for you.
4) Take the Lord's Supper thoughtfully and worthily with due reverence and respect.
5) Take time to prepare yourself spiritually for Communion.
6) Unite each other by participating in Christ's once-for-all sacrifice at the Lord's Table.
7) Believe in Him and devote ourselves to living for Christ.

**4) Life Response (Took)**

1) What is Communion?

2) Why do Christians observe Communion?

3) How will you prepare yourself for partaking the Lord's Supper?

4) How can Christians be united?

**D) Song "Jesus Christ Bread of Life – Eat This Bread"**

1. Jesus Christ, bread of life, those who come to you will not hunger
   Jesus Christ, Risen Lord, those who trust in you will not thirst.
2. Eat this bread, drink this cup, come to Him and never be hungry
   Eat this bread, drink this cup, trust in Him and you will not thirst.

**E) Words of thanks and closing prayer**

In Christ,
Saya Joseph

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~